# ယူရိုငွေ ၁၄၀၀၀ တန်ဖိုးရှိ Minilab Test Kits ၃ စုံအား ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ






ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ အမှတ် ၁၃ တွင်တည်ရှိသော DKSH Services Ltd ရုံး၌ ကျင်းပပြုလုပ်သော Merck KGaA Group Germany မှ လှူဒါန်းသည့် ယူရိုငွေ ၁၄၀၀၀ တန်ဖိုးရှိ Minilab Test Kits ၃စုံအား ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းတို့မှ တက်ရောက်ချီးမြှင့်လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်၊ WHO ငှက်ဖျားတိုက်ဖျက်ရေးဌာနေကိုယ်စားလှယ်များ၊ Merck KGaA Group Germany မှ Chairman of Executive Board, Dr.Kari-Ludwig Kley, DKSH မှ Head Business Unit Healthcare, Member of Group Management, Mr.Charles Toomey, DKSH မှ Head of Country Management, Mr.Preman Lee နှင့် General Manager of Healthcare, Dr.Varun Sethiတို့လည်း တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ Minilab Test Kits သည် ဆေးဝါးအတုများကို ခွဲခြားစစ်ဆေးနိုင်သော အထူးသဖြင့် ငှက်ဖျားတိုက်ဖျက်ရေး ဆေးဝါးအတုများကို ထိရောက်စွာစစ်ဆေးနိုင်သောဆေးပစ္စည်းကိရိယာများ ဖြစ်ပါသည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရင်ဆိုင်နေရသည့် ဆေးဝါးအတုအန္တရာယ်ကို ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် ငွေကုန်ကြေးကျမများစေဘဲဆေးဝါးအတုများကို လွယ်ကူစွာခွဲခြားစစ်ဆေးနိုင်သောTest Kits ဖြစ်ကြောင်း သိရှိရပါသည်။ ၄င်း Minilab Test Kits များကို အသုံးပြု၍ပြည်သူလူထု၏ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသော ဆေးဝါးအတုများ၏အန္တရာယ်မှ ကာကွယ်ဟန့်တားနိုင်မည်ဖြစ်ကြောင်း merck KGaA Group မှ Chair-man Dr.Karl-Ludwing Kley မှ ပြောကြားခဲ့သည်ကို သိရပါသည်။

TZ

❑ ❑ ❑